# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်**

**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို နေ့လယ် ၁၀း၂၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၂၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

**မူကြမ်း**

# ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး သုမင်္ဂလာအပေါင်း နှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၅၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၁၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၃ ရက်၊

(၂) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၃ ရက်၊

(၃) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၃ ရက်၊

(၄) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၁ ရက်၊

(၅) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၆) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၃ ရက်၊

(၇) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၂ ရက်၊

(၈) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၃ ရက်၊

(၉) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၁၀) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၃ ရက်၊

(၁၁) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၃ ရက်၊

(၁၂) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၃ ရက်၊

(၁၃) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၃ ရက်၊

(၁၄) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၃ ရက်၊

(၁၅) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၃ ရက်၊

(၁၆) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၃ ရက်၊

(၁၇) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၁ ရက်၊

(၁၈) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၂ ရက်၊

(၁၉) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် ခွင့် ၂ ရက်၊

(၂၀) ပူတာအိုမဲဆန္ဒနယ်မှ ဦးယောဒီဒွေ့ ခွင့် ၇ ရက်၊

(၂၁) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၃ ရက်၊

(၂၂) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၃ ရက်၊

(၂၃) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၃ ရက်၊

(၂၄) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၃ ရက်၊

(၂၅) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၃ ရက်၊

(၂၆) မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရှိအုပ် ခွင့် ၃ ရက်၊

(၂၇) အောင်မြေသာဇံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၃ ရက်၊

(၂၈) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၂၉) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၃၀) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၃၁) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၁၇ ရက်၊

(၃၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင် ခွင့် ၃ ရက်၊

**မူကြမ်း**

(၃၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်သူရ ခွင့် ၃ ရက်၊

(၃၄) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၃ ရက်၊

(၃၅) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၃ ရက်၊

(၃၆) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၂ ရက်၊

(၃၇) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၃ ရက်၊

(၃၈) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၃ ရက်၊

(၃၉) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၁၇ ရက်၊

(၄၀) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၄၁) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၃ ရက်၊

(၄၂) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၂ ရက်နှင့်၊

(၄၃) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ကိုရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ကိုဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**ငပုတောမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့အား ဆက်သွယ်ထားသော လပွတ္တာထိပ်စွန်းလမ်းမကြီးပေါ်ရှိ အုတ်တွင်းနှင့်သောင်လေးကြားရှိ မြေသားလမ်းတို့အား ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမဦးစွာ ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဆက်သွယ်ရေးလမ်းများနှင့် ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ငပုတောမြို့နယ်ဟာ ပင်လယ်ရဲ့ ထွက်ပေါက်ဖြစ်ပြီးတော့ ရေပတ်လည်ဝိုင်းနေတဲ့ ကျွန်းများနှင့် ကျေးရွာအုပ်စုများ တည်ရှိနေပါတယ်။ နာဂစ်မုန်တိုင်းမှာ ဆက်သွယ်ရေးလမ်းတွေမရှိတဲ့အတွက် ကြောင့် ရေလမ်းခရီးကိုပဲ အဓိကထားသွားတဲ့အခါမှာ ကျွန်မတို့ လူ့အသက်ပေါင်းများစွာ သေဆုံးခဲ့ကြ ရပါတယ်။ ဒါကြောင့်မို့ နာဂစ်အပြီးမှာ ပြင်ခရိုင်ကျွန်းနဲ့အလယ်ကျွန်း ဒီကနေပြီးတော့ လပွတ္တာ မြို့နယ်ကို ဆက်သွယ်ထားတဲ့ လပွတ္တာ-ထိပ်စွန်းလမ်းမကြီးကို စီမံကိန်းတွေချပြီး ဆောင်ရွက်ခဲ့ပါ တယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ တံတားတွေလည်းပြီးပါတယ်။ လမ်းတွေတော့ မြေသားလမ်း တွေပြီးပြီး တစ်ချို့နေရာတွေမှာ ကျောက်ခင်းထားတာတော့ရှိပါတယ်။ ဒါပေမယ့် တစ်ကယ်ဆက်သွယ် ရမယ့် ပြင်ခရိုင်ကျွန်းမှာရှိတဲ့ ပြင်တိုက်နယ်ဆေးရုံနဲ့ မန်ကျည်းပင်တိုက်နယ်ဆေးရုံကို သွားကြမယ့် ဒီကျွန်းနှစ်ကျွန်းက ကျေးရွာအုပ်စုများဟာ မြေသားလမ်းတွေဖြစ်နေတဲ့အခါမှာ မိုးတွင်းဘက်မှာ ကျန်းမာရေးအရပဲ ဖြစ်ဖြစ်၊ ပညာရေးအရပဲဖြစ်ဖြစ်၊ အခြားစီးပွားရေးလုပ်ငန်းများနဲ့ပဲသွားသွား၊ မိုးတွင်းဘက်ဖြစ်တဲ့အခါမှာ ခရီးသွားလာဖို့အလွန် ခက်ခဲပါတယ်။ နောက်မိုးတွင်းဘက်ဖြစ်တဲ့အတွက် ကြောင့် ကျွန်မတို့ ရေလမ်းခရီးကိုပဲ အဓိကထားသွားရတဲ့အခါမှာ တစ်ခါတလေမှာ မုန်တိုင်းတွေနဲ့

**မူကြမ်း**

တွေ့ပြီးတော့ ဆက်သွယ်ရေးအလွန်ခက်ခဲပါတယ်။ ဒါကြောင့်မို့ ဒီလမ်းမကြီးပေါ်မှာ ကျန်းမာရေးအရပဲဖြစ်ဖြစ်၊ စီးပွားရေးအရပဲဖြစ်ဖြစ်၊ ပညာရေးအရပဲဖြစ်ဖြစ် သွားလာဖို့အတွက် ဆက်သွယ်ထားတဲ့ မြေသားလမ်းတွေကို ကျောက်ခင်းလမ်းတွေဖြစ်ဖို့အတွက်ကို မေးခွန်းမေးသွားမှာ ဖြစ်ပါတယ်။ လပွတ္တာ-ထိပ်စွန်းလမ်းမကြီးပေါ်မှာရှိတဲ့ အုတ်တွင်းနဲ့ သောင်ကလေးကြားမှာရှိတဲ့မြေသားလမ်း၊ ကညင်ငူနဲ့မန်ကျည်းပင်ကြားမှာရှိနေတဲ့ မြေသားလမ်းတွေကို ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ။ ရေပေါ်ကြီးမှ အထက်ပြွန် သစ်ပုတ္တိပ်သို့ ဆက်သွယ်ထားတဲ့ မြေသားလမ်းကို မည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါ စေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ခင်သန်းမြင့်ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းပြီးသွားတဲ့အချိန်ကစပြီးတော့ ဧရာဝတီတိုင်းဒေသကြီးမှာ လမ်းကွန်ယက်များကို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဆောင်ရွက်ခဲ့တဲ့ လမ်းမိုင်ပေါင်းက ၅၂၄ မိုင်ဖြစ်ပြီးတော့ တံတားကြီးငယ်ပေါင်း Box Culvert အပါအဝင် ၅၄၄ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီတော့အခု ဒီမှာ ကျွန်တော်တို့ တင်ပြတဲ့ လပွတ္တာ-အုတ်တွင်း-ထိပ်စွန်းလမ်းဟာဆိုရင် မိုင်ပေါင်း ၅၅ မိုင်နဲ့ ၁ ဖာလုံရှိတဲ့လမ်းဖြစ်ပါတယ်။ ဒီလမ်းတွေနဲ့ ပတ်သက်ပြီးတော့ ပိုမိုရှင်းလင်းစေရန်အတွက် ကျွန်တော့်အနေနဲ့ Power Point နဲ့ ရှင်းလင်းတင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော်တို့ ဒီဟာက ကျောက်ဖျာကလေး ကစတဲ့ ၀/၀ ကစပြီးတော့ ကျောက်ဖျာလေး ဒါကျွန်တော်တို့ သွားပြီးတော့ ဒီမှာ ထိပ်စွန်းအထိလမ်း ၅၅ မိုင် ၁ ဖာလုံရှိပါတယ်။ တကယ်တန်းကျတော့ ဒီလမ်းဟာ ပထမအဆင့်မှာ တည်ဆောက်ခဲ့တာဟာ

ဒီလပွတ္တာကနေစပါတယ်။ လပွတ္တာကနေ ထိပ်စွန်းအထိ ကျွန်တော်တို့ ဒီလိုဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒါက စုစုပေါင်း ၃၈ မိုင် ၅ ဖာလုံရှိခဲ့ပါတယ်။ သို့သော်လည်း ဒီလမ်းကြောင်းကို ပြန်ကြည့်တဲ့အခါမှာ ဒီနေရာမှာ သက္ကယ်သောင်မြစ်ကို ဖြတ်ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ သက္ကယ်သောင်မြစ်ကို ဖြတ်ပြီးတော့ ဒီနေရာမှာ တံတားထိုးရင် တံတားရဲ့အရှည်ဟာ ပေ ၁၀၀၀၀ လောက် ထိုးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီလုပ်ငန်းဟာ ကြန့်ကြာပြီးတော့ ချက်ချမပြီးနိုင်တဲ့အတွက် ကျွန်တော်တို့ ဒါကို လမ်းကြောင်းပြောင်းလိုက်ရပါတယ်။ လမ်းကြောင်းပြောင်းတဲ့အခါမှာ သက္ကယ်သောင်မြစ်ကို ကျဉ်းတဲ့နေရာဖြစ်တဲ့ ဒီနေရာမှာ ပေ ၂၀၀၀ ကျော်လောက်ပဲရှိပါတယ်။ ဒီနေရာကနေ ဖြတ်ပြီးတော့ ကျောက်ဖျာကလေးအထိ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာကြောင့် ဒီလမ်းဟာ ၅၅ မိုင် ၁ ဖာလုံ ရှည်လျားတဲ့လမ်းအဖြစ် တည်ရှိသွားတာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ မူလရှိတဲ့လမ်းအတိုင်း သွားနိုင်ဖို့အတွက် ဒီသက္ကယ်သောင်မြစ်ကြားမှာရှိတဲ့ တံတားကြီးတွေလည်း တည်ဆောက်ထားပါတယ်။ ဒီဘက်က လပွတ္တာကိုသွားတဲ့လမ်းလည်း ကျွန်တော်တို့ တည်ဆောက်ထားပါတယ်။ ဒီအကြောင်းကြောင်းကြောင့် ဒီဘက်က ရွာကလမ်းကြောင်းအတွက် ဒီလိုသွားတဲ့အခါမှာ ဒီနေရာကနေပြီးတော့ ကယ်ရီနဲ့သွားနိုင်ဖို့ စီစဉ်ထား တာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ဒီလမ်းမကြီးကို တည်ဆောက်တဲ့နေရာမှာ အဓိကအားဖြင့် ကျွန်တော်တို့ဟာ ဒီဘက်အခြမ်းကို အဓိကထားပြီး တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီမှာပြန်ကြည့်ရင် သောင်လေးရွာ ၄၇ မိုင်ကနေပြီးတော့ ထိပ်စွန်း ၅၅ မိုင်အထိ ဒီ ၈ မိုင်ဟာ ကျွန်တော်တို့ ဒီမှာ အမည်းလေးပြထားတဲ့ ကတ္တရာခင်းထားပြီး ဖြစ်ပါတယ်။ ဒီဟာလည်းပဲ ကတ္တရာ ဘာကြောင့် သူကို အရင်ခင်းရလဲဆိုတော့ ဒါက တောင်ပေါ်လမ်း ဖြစ်ပြီးတော့ အောက်ခံကျောက် တောင်ဖြစ်နေတဲ့အတွက် ဒီပေါ်မှာ ကျွန်တော်တို့ ကတ္တရာခင်းပြီး ၈ မိုင်ရှိပါတယ်။ အဲဒီတော့ ဒီမှာကျန်နေတာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ဒီအုတ်တွင်းရွာက နေပြီးတော့ သောင်လေးရွာကြားမှာ ၇ မိုင် ၂ ဖာလုံ ကျန်ရှိနေတာဖြစ်ပါတယ်။ ဒါကို ပထမမေးခွန်း အနေနဲ့ မေးထားတာဖြစ်ပါတယ်။ ဒီပထမ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြန်လည် ရှင်းလင်းတင်ပြရရင် ဒီဟာကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဒီအပိုင်းဟာ ပင်လယ်နဲ့ ထိစပ်နေတဲ့အပိုင်းဖြစ်တဲ့အတွက် ကျွန်တော်တို့ မြေသားကိုဖို့ပြီးသော်လည်းပဲ ပင်လယ်ရေရဲ့တိုက်ခတ်မှုကြောင့် မြေသားအနည်းငယ် နိမ့်ကျသွားတာရှိပါတယ်။ ဒါကြောင့်မို့ ဒီအပိုင်းကို မြေသားပြန်လည် ပြုပြင်ပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတောင်းခံပြီး ဒီအပိုင်းကို ရာသီမရွေးသွားလာနိုင်တဲ့အပိုင်းဖြစ်အောင် ဆောင်ရွက်မှာဖြစ်ပါကြောင်း နံပါတ်(၁)မေးခွန်းကို ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ ဒီအပိုင်းဖြစ်ပါတယ်။ ကရင်ငူရွာကနေပြီးတော့ မန်ကျည်းရွာအထိ ၂ မိုင် ၃ ဖာလုံရှိတာ ဖြစ်ပါတယ်။ ဒီအပိုင်းကိုတော့ ကျွန်တော်တို့က ဒီနှစ် ၂၀၁၅ - ၂၀၁၆ မှာ ဒီ ၂ မိုင် ၃ ဖာလုံအနက်က ၁ မိုင် ၅ ဖာလုံကို ကျောက်ခင်းပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျန်ရှိတာ ၆ ဖာလုံကျန်ရှိတဲ့အတွက် ဒီကျန်ရှိတဲ့ ၆ ဖာလုံကိုတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနဲ့ အပြီးဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နံပါတ် (၃) ဖြစ်တဲ့ ကျွန်တော်တို့ ဒီဘက်က ရေပေါ်ကြီးကနေပြီးတော့ သစ်ပုတ္တိပ်ရွာထိသွားတဲ့ လမ်းကြောင်းဖြစ်ပါတယ်။ ဒီအပိုင်းဟာ ၅ မိုင်ကျန်ရှိတာဖြစ်ပါတယ်။ ဒီ ၅ မိုင်ကိုတော့ ရာသီမရွေး သွားလာနိုင်ဖို့အတွက် ဒီကြားထဲမှာ ရေပေါ်လေးတံတားဆိုတာရှိပါတယ်။ အဲဒီ ရေပေါ်လေးတံတား ဟာ ပေ ၁၈၀ ရှိတဲ့ တံတားဖြစ်ပါတယ်။ ဒီတံတားကို စတင်ဆောင်ရွက်နေတာဟာ ဖေဖော်ဝါရီလတွင်း မှာ ပြီးသွားမှာဖြစ်ပါတယ်။ ဒီတံတားပြီးသွားလို့ရှိရင် ပွင့်လင်းရာသီမှာ ရေပေါ်ကြီးကနေပြီးတော့ သစ်ပုတ္တိပ်ရွာအထိ သွားလာနိုင်မည့်အဆင့်ရရှိမှာဖြစ်ပါတယ်။ ဒီ့အပြင် ကျောက်ဖျာလေးကနေစပြီး တော့ ဆောင်ရွက်လာတဲ့အပိုင်းဟာ မြေသားလမ်းအဖြစ် မြောင်းထိုးပြီးတဲ့လမ်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီလမ်းကို လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ရာသီမရွေးဆောင်ရွက်နိုင်တဲ့ လမ်းအဆင့်ရရှိအောင် နှစ်စဉ်ရန်ပုံငွေများတောင်းခံပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် အနီးကပ်ဆုံးတွင်တည်ရှိသည့် ဖာဆောင်းမြို့နယ်အတွင်းတွင် ကုန်သွယ်ရေးဇုန်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ကိုယ်စား မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ခိုင်ဝင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ရဲ့ကိုယ်စား မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။ မယ်စဲ့ကုန်သွယ်ရေး စခန်းမှာ မကြာခင်ဖွင့်လှစ်မည်ဖြစ်ပြီး တစ်ဖက်နိုင်ငံနှင့် ကုန်သွယ်ရေးဆောင်ရွက်သည့်နေရာတွင် နိုင်ငံသားများအနေနဲ့ နစ်နာမှုများမရှိစေရန်လိုအပ်ပါတယ်။ မိမိတို့နိုင်ငံက ကုန်ပစ္စည်းများကို တစ်ဖက်နိုင်ငံအတွင်းသို့ တိုက်ရိုက်သွားရောက်ရောင်းချပါက ဈေးနှိမ်ခြင်းနှင့် အခြားအခက်အခဲများ ကြုံတွေ့နိုင်ရပါတယ်။ သို့ဖြစ်ပါ၍ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် အနီးကပ်ဆုံးတည်ရှိတဲ့ ဖာဆောင်းမြို့နယ် သို့မဟုတ် အခြားသင့်တော်သည့်နေရာတွင် ကုန်သွယ်ရေးဇုန်တည်ဆောက်ပေးရန်

အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်နှင့် မရှိပါက အဘယ်ကြောင့် ဖြစ်သည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းရပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

[ဖားဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ကိုယ်စား မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း မေးမြန်းပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စား လှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ မယ်စဲ့နယ်စပ် ကုန်သွယ်ရေးစခန်းနှင့် အနီးကပ်ဆုံးတွင်တည်ရှိသည့် ဖားဆောင်းမြို့နယ်အတွင်းတွင် ကုန်သွယ်ရေး ဇုန်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ မယ်စဲ့ကုန်သွယ်ရေး စခန်းဖွင့်လှစ် ဆောင်ရွက်ထားရှိမှုအခြေ အနေအား ဦးစွာ တင်ပြလိုပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ကယားပြည်နယ်၊ မယ်စဲ့မြို့ တွင် ကုန်သွယ်ရေးစခန်းအသစ်အား ဦးစားပေးဖွင့်လှစ်ရန် အဆိုတင်သွင်းခဲ့တဲ့အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ အတည်ပြုချက်ဖြင့် သက်ဆိုင်တဲ့ဌာနများမှ ပေါင်းစပ်ဖွဲ့စည်းထားသော ကွင်းဆင်းလေ့လာရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေး၍ နိုင်ငံတော်သမ္မတရုံး သို့ တင်ပြခွင့်ပြုချက်ရယူပြီး နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်သို့ ဘတ်ဂျက်တောင်းခံပေးခဲ့ပြီး ဝင်/ထွက်လမ်းနှင့် အဆောက်အဦမြေနေရာမြေညှိခြင်း၊ အဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းများအား ကယား ပြည်နယ်အစိုးရအဖွဲ့သို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် လုပ်ငန်းများပြီးစီး၍ ဌာနမှ ပြန်လည်လွှဲပြောင်း လက်ခံခဲ့ပြီးဖြစ်ပါတယ်။

ဆက်လက်၍ လိုအပ်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် နှစ်အလိုက် ဘတ်ဂျက်တောင်းခံဆောင်ရွက်လျက်ရှိပါတယ်။ မယ်စဲ့ကုန်သွယ်ရေးစခန်း တည်ဆောက်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် One Stop Service အဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်ဌာနများဖြစ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့မှ အရာထမ်း လေးဦး၊ အမှုထမ်း ၂၃ ဦး စုစုပေါင်း ၂၇ ဦးဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ဒေသခံတိုင်းရင်းသားများ ရိုးရှင်းလွယ်ကူစွာ ကုန်သွယ်မှုဆောင်ရွက်နိုင်ရေး၊ တရားမဝင်ကုန်သွယ်မှုများ တရားဝင်လမ်းကြောင်းပေါ်ရောက်ရှိပြီး ကုန်သွယ်မှုပမာဏတိုးမြင့်လာစေရေးနှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ တိုးတက်ရရှိစေရေးတို့ကို ရည်ရွယ်၍ တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် (Individual Trading Card-ITC) များ ထုတ်ပေးလျက်ရှိပြီး ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့အထိ ITC ကတ်ပေါင်း ၃၂ ကတ်ထုတ်ပေးခဲ့ပြီးဖြစ်ကာ ပို့ကုန်/သွင်းကုန်လိုင်စင်များ လျှောက်ထားလာပါက ဆောင်ရွက်ပေးနိုင်ပြီ ဖြစ်ပါတယ်။

မယ်စဲ့-ဟွေ့တန္တန် စခန်းသစ်ဖွင့်လှစ်နိုင်ရေး မြန်မာနိုင်ငံဘက်မှ အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံဘက်မှ အဆင်ပြေမည့်နေ့ရက်တွင် မယ်စဲ့-ဟွေ့တန္တန် BP-13 အား တစ်ပြိုင်နက်ဖွင့်လှစ် လိုကြောင်း၊ တရားဝင်ဖွင့်လှစ်နိုင်မည့်နေ့ရက်အား ပြန်ကြားပေးစေလိုကြောင်း ထိုင်းနိုင်ငံဘက်သို့ အကြောင်းကြားခဲ့ပြီး ထိုင်းနိုင်ငံဘက်မှလည်း (၅)ကြိမ်မြောက် JTC နှင့် (၆)ကြိမ်မြောက် JTC အစည်းအဝေးတို့တွင် နယ်စပ်ကုန်သွယ်ရေးစခန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးတိုးတက်ကောင်းမွန်မှု၊ ကုန်သွယ်မှုဆောင်ရွက်နိုင်မည့် ဒေသဖွံ့ဖြိုးမှုပေါ်မူတည်၍ ဟွေ့တန္တန်-မယ်စဲ့၊ ဘုရားသုံးဆူနှင့် ကွေ့ဖာဘောက်-ပုံပါကျင်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ရေးကို ဆွေးနွေးခဲ့ကြပါတယ်။

ဒါ့အပြင် သတ္တမအကြိမ် မြန်မာ-ထိုင်းကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးကို မြန်မာနိုင်ငံ၊ နေပြည်တော်ရှိ Grand Amara Hotel ၌ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်မှ ၁၅ ရက် ထိ လက်ခံကျင်းပပြုလုပ်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ အစည်းအဝေးတွင်

မယ်စဲ့-ဟွေ့တန္ခန် ကုန်သွယ်ရေးစခန်းသစ် ဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဘက်ရှိ မယ်စဲ့ (BP-13) နယ်စပ်စခန်းအား ဆောက်လုပ်မှုပြီးစီးမှုအခြေအနေနှင့် ယင်းစခန်းကို ဖွင့်လှစ်ရန် မြန်မာဘက်မှ အသင့်ဖြစ်နေပြီဖြစ်ကြောင်း အသိပေးပြောကြားမည်ဖြစ်ပြီး အဆိုပါ နယ်စပ်စခန်းနှစ်ခုအား တရားဝင် ပြိုင်တူဖွင့်လှစ်နိုင်မည့်နေ့ရက်ကို ထိုင်းနိုင်ငံဘက်မှ ပြန်ကြားပေးပါရန် မြန်မာနိုင်ငံဘက်မှ ဆက်လက်တောင်းဆိုမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဘက်မှ မယ်စဲ့ (BP-13) နယ်စပ်စခန်းအား ဆောက်လုပ် မှုပြီးစီးခဲ့သဖြင့် ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံးသို့ တရားဝင် အကြောင်းကြားထားခဲ့ပြီးဖြစ်သော်လည်း ထိုင်းနိုင်ငံဘက်မှ တရားဝင် အကြောင်းပြန်ကြားခြင်းမရှိသေးပါကြောင်း တွေ့ရှိရပါတယ်။

ဖာဆောင်းမြို့နယ်အတွင်းမှာ ကုန်သွယ်ရေးဇုန်တည်ဆောက်ပေးရေးနှင့်စပ်လျဉ်းပြီး မယ်စဲ့နှင့် ထိုင်းနိုင်ငံဘက်ခြမ်းရှိ ဟွေ့တန္ခန်မြို့တို့အနေဖြင့် ကုန်းတွင်းပိတ်ဒေသများဖြစ်နေခြင်း၊ ဒေသတွင်းနေ ပြည်သူများအတွက်သာ တစ်ပိုင်တစ်နိုင် ကုန်သွယ်မှုဆောင်ရွက်နေခြင်းအချက်များကို တွေ့ရှိရပါတယ်။ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းကို ဒေသခံပြည်သူများ ကုန်သွယ်မှုပြုလုပ်နိုင်ရန် ၂၀၁၅ ခုနှစ်၊ မေလ ၁၃ ရက်နေ့မှာ ဖွင့်လှစ်ပေးခဲ့သော်လည်း ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နိုင်မှု မရှိသေးခြင်း၊ ဒေသတွင်းကုန်ထုတ်လုပ်မှုနှင့် ထုတ်ကုန်နည်းပါးခြင်း၊ ကျယ်ပြန့်သောဈေးကွက်မရှိခြင်း နှစ်နိုင်ငံကုန်သွယ်မှုပမာဏနည်းပါးခြင်းနှင့် သယ်ယူပို့ဆောင်မှုဆိုင်ရာ အခက်အခဲများအရ ဖာဆောင်းမြို့နယ်အတွင်းတွင် ကုန်သွယ်ရေးဇုန် တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကယားပြည်နယ်၊ မြို့နယ်အသီးသီးတွင်ရှိသော ကျေးရွာများအား လျှပ်စစ်မီးသွယ်တန်းပေးခြင်း ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူများ၏ ထည့်ဝင်ငွေများကို မည်ကဲ့သို့ ဆောင်ရွက်ထားသည် ကိုသိလိုခြင်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။လွိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည် တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်ခုနစ်မြို့နယ်မှာရှိတဲ့ ကျေးရွာများ

လျှပ်စစ်မီးသွယ်တန်းရေးကိစ္စနှင့်ပတ်သက်ပြီး ဆောင်ရွက်ထားမှုအခြေအနေများကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကယားပြည်နယ်ခုနစ်မြို့နယ်မှာရှိတဲ့ ကျေးရွာများအား လျှပ်စစ်မီးလင်းနိုင်ရေးအတွက် နိုင်ငံတော်မှ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်နှစ်များမှစပြီးတော့မှ ဘတ်ဂျက်နှစ်အလိုက် ဆောင်ရွက်စေခဲ့ပါတယ်။ မြို့နယ်အသီးသီးမှာရှိတဲ့ ကျေးရွာများအချို့တွင် ယနေ့အထိပင် မီးလင်းနိုင်ခြင်း မရှိသေးတာကို တွေ့ရှိနေရပါတယ်။ ပြည်သူထည့်ဝင်ငွေ သိန်းတစ်ရာနှင့်ပတ်သက်ပြီးတော့လည်းပဲ ပြည်သူများကို ပွင့်လင်းမြင်သာမှုမရှိတာကိုလည်းပဲ ယနေ့လက်ရှိ တွေ့မြင်နေရတဲ့အတွက် ယနေ့ ၂၀၁၅ ခုနှစ်ရောက်သည့်နှစ်တိုင် လျှပ်စစ်မီးသွယ်တန်းမှုများဟာ လက်စမသတ်နိုင်သေးတာကို တွေ့ရှိနေရသလို ကျွန်တော်တို့ ကောက်ခံထားတဲ့ငွေနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုမရှိခြင်းကိုလည်းပဲ တွေ့ရှိနေရပါတယ်။ သို့ဖြစ်ပါ၍ မြို့နယ်အသီးသီးမှာရှိတဲ့ ကျေးရွာများကို မည်သည့်အချိန်အထိ အပြီးဆောင်ရွက်ပေးမည်။ မည်သည့်အချိန်တွင် မီးစတင်လွှတ်ပေးမည်ဆိုသည်ကို တိတိကျကျနဲ့ ပွင့်လင်းမြင်သာစွာ သိရှိလိုပါကြောင်း ကျေးရွာနေ မိဘပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြ ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ် လွိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို၏ မေးခွန်းအပေါ်မှာ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကိန်းဂဏန်းများပါတဲ့အတွက် Power Point အသုံးပြုဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးနိုင်ဖို့အတွက် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသ ကြီး/ပြည်နယ် အစိုးရရန်ပုံငွေ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများက ပေးအပ်သည့် ချေးငွေနှင့် ဒေသခံပြည်သူတို့၏ ထည့်ဝင်ငွေများဖြင့် နှစ်စဉ်တိုးချဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မူကြမ်း**

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကယားပြည်နယ်အတွင်းမှာရှိတဲ့ ကျေးရွာ ၄၇ ရွာ ဓာတ်အားရရှိရေးအတွက် ၃၃ ကေဗွီလိုင်းမိုင် ၃၀၊ ၁၁ ကေဗွီ လိုင်း ၆၃.၄၆ မိုင်နှင့် ၁၁/၀.၄ ကေဗွီထရန်စဖော်မာ ၄၃ လုံးနှင့် ၄၀၀ ဗို့လိုင်း ၂၁.၂၂ မိုင် တည်ဆောက်ပေးခဲ့ပါတယ်။ အဆိုပါ ၄၇ ရွာအတွက် လိုအပ်တဲ့ ၁၁ ကေဗွီလိုင်းနှင့် ထရန်စဖော်မာများကို ပြည်ထောင်စုဘတ်ဂျက်မှာ ကျခံဆောင်ရွက်ပေးခဲ့ပြီးတော့ ၄၀၀ ဗို့လိုင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်သူထည့်ဝင်ငွေဖြင့် ပြည်နယ်အစိုးရနှင့် ဝန်ကြီးဌာနက ကြီးကြပ်ပြီး ကုမ္ပဏီများကို လုပ်ငန်းအပ်နှံဆောင်ရွက် ပေးခဲ့တဲ့အခါမှာ ကျေးရွာ ၄၇ ရွာလုံး မီးလင်းခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပေါင်း ၉၅ ရွာ လျှပ်စစ် ဓာတ်အားရရှိရေးအတွက် ၃၃ ကေဗွီလိုင်း ၁၀ မိုင်၊ ၃၃/၁၁ ဓာတ်အားခွဲရုံ ၄ ရုံကို ပြည်ထောင်စု ဘတ်ဂျက်မှ ကျပ်သန်းပေါင်း ၁၇၇၄ သန်းဖြင့်လည်းကောင်း၊ ၁၁ကေဗွီလိုင်း ၁၆၈.၂၇ မိုင်၊ ၁၁.၄ ထရန်စဖော်မာ ၁၁၃ လုံးနှင့် ၄၀၀ ဗို့လိုင်းတစ်ရွာမှာ ၁၅၀၀ ပေနှုန်းနဲ့ စုစုပေါင်း ၂၉.၄၆ မိုင်ကို ပြည်နယ်အစိုးရရဲ့ဘတ်ဂျက်မှ ကျပ်သန်းပေါင်း ၆၆၀၃.၇၆ သန်း ကျခံတည်ဆောက်ပေးခဲ့ပါတယ်။ အဲဒီကျေးရွာအတွင်းမှာ လိုအပ်တဲ့ ၄၀၀ ဗို့လိုင်းများကို ပြည်နယ်အစိုးရဘတ်ဂျက်မှ ကျေးရွာတစ်ရွာမှာ ပေ ၁၅၀၀ သာကျခံ တည်ဆောက်ပေးနိုင်ခဲ့တဲ့အတွက် တချို့ရွာတွေမှာတော့ အိမ်အားလုံးမီးလင်း ပြီးတော့ တချို့ရွာတွေမှာတော့ တစ်ရွာချင်းမှာ တည်ဆောက်ရန်ကျန်ရှိတဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်း များကို ပြည်သူတွေရဲ့ထည့်ဝင်ငွေဖြင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ခဲ့ပါတယ်။ တည်ဆောက်ပြီး ၄၀၀ ဗို့လိုင်း ၁၅၀၀ ပေအတွင်းမှာ ဓာတ်အားပေးနိုင်တဲ့ အိမ်ခြေများအားလုံးကတော့ ဓာတ်အား ပေးပြီး ဖြစ်ပါတယ်။ ဒါကြောင့် စုစုပေါင်း ၉၅ ရွာမှာ ၂၆ ရွာဟာ လုံးဝမီးလင်းပြီးတော့မှ ကျန်တဲ့ရွာ ကတော့ လက်ရှိဆက်လက်ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။

တစ်ဖန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပေါင်း ၁၁၄ ရွာ လျှပ်စစ်ဓာတ်အားရရှိရေး အတွက် ၃၃ ကေဗွီ လိုင်း ၇၉.၃၅ မိုင်၊ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံတစ်ရုံနှင့် ၁၁ ကေဗွီလိုင်း ၂၀၄.၆ မိုင်၊ ထရန်စဖော်မာ ၁၁၉လုံးနှင့် ၄၀၀ ဗို့လိုင်း ၈၅.၄၁ မိုင်တို့ကို ပြည်ထောင်စုဘတ်ဂျက်မှ ၈၆၂.၅၃ သန်း ပြည်နယ်အစိုးရရန်ပုံငွေမှ ကျပ်သန်းပေါင်း ၁၂၀၉၉.၁၃၇ သန်းဖြင့် ကုမ္ပဏီများကို တင်ဒါစနစ်ဖြင့်ခေါ်ယူပြီး လုပ်ငန်းအပ်နှံဆောင်ရွက်စေခဲ့ပါတယ်။ အဲဒီလုပ်ငန်းများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ အပြီးဆောင်ရွက်နိုင်အောင် ကြပ်မတ်ဆောင်ရွက်လျက်ရှိတဲ့အတွက် အဲဒီရွာအားလုံး မီးလင်းနိုင်မှာ ဖြစ်ပါတယ်။ ကယားပြည်နယ်အတွင်းမှာရှိတဲ့ ဓာတ်အားမရရှိသေးတဲ့ကျေးရွာများ

ခတ်အားရရှိရေးအတွက် ပြည်ထောင်စုဘတ်ဂျက်ဖြင့်သာမက ပြည်နယ်အစိုးရရဲ့ ဘတ်ဂျက်ဖြင့်သာ ပေါင်းစပ်ပြီး ခတ်အားလိုင်းနှင့် ထရန်စဖော်မာများ တည်ဆောက်ပေးခဲ့ပြီး ကျေးရွာအတွင်းမှာရှိတဲ့ ၄၀၀ ဗို့လိုင်း အချို့ကို ကျေးရွာမှ ပြည်သူတွေရဲ့ထည့်ဝင်ငွေဖြင့် ဆောင်ရွက်စေခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်မှာ ကယားပြည်နယ် အတွင်းမှာရှိတဲ့ ကျေးရွာပေါင်း ၅၁၁ ရွာအနက် ၃၆၄ ရွာဟာ ခတ်အားစနစ်မှ ခတ်အားဖြန့်ဖြူး ပေးသွားနိုင်မှာဖြစ်ပြီးတော့ ကျန်ကျေးရွာများကို အခြားနည်းလမ်းဖြင့် မီးလင်းသွားမှာ ဖြစ်ပါတယ်။

ကယားပြည်နယ်အတွင်းရှိ ကျေးရွာများ ခတ်အားရရှိရေးအတွက် ပြည်သူ့ထည့်ဝင်ငွေအဖြစ် ဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာကျေးရွာအလိုက် မီးလင်းရေးကော်မတီများကို ဖွဲ့စည်းစေခဲ့ပါတယ်။ အဲဒီကော်မတီတွေကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ အတည်ပြုချက်ဖြင့် တာဝန်ယူဆောင်ရွက်စေပါတယ်။ ရွာတစ်ရွာမှာ ငွေကျပ်သိန်းတစ်ရာဖြင့် စုဆောင်းစေပြီး ပြည်နယ်အစိုးရအဖွဲ့မှ သတ်မှတ်ပေးတဲ့ မြန်မာ့စီးပွားရေးဘဏ်မှာရှိတဲ့ စာရင်းရှင်ပါ သက်ဆိုင်ရာ ကျေးရွာမီးလင်းရေးကော်မတီများက ကနဦး ငွေအပ်နှံပြီး ဆောင်ရွက်ကြပါတယ်။ ဆက်လက်ပြီး ကျေးရွာတစ်ရွာချင်းအလိုက် လုပ်ငန်းဆောင်ရွက်ရန် လိုအပ်တဲ့ ၄၀၀ ဗို့ လိုင်း အရှည်ပမာဏနှင့် ကုန်ကျငွေအပြင်ကို ဌာနနှင့်မီးလင်းရေးကော်မတီတို့က ကွင်းဆင်းတိုင်းတာတွက်ချက်ပြီး ပြည်နယ်အစိုးရအဖွဲ့မှာ တင်ပြဆောင်ရွက်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့က လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများကို ကန်ထရိုက်စနစ်ဖြင့် ရွေးချယ်ပြီး လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆို၍ လုပ်ငန်းဆောင်ရွက်စေပါတယ်။ လုပ်ငန်းပြီးစီးမှုပေါ် မှာမူတည်ပြီးတော့မှ ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်နှင့် ဌာနကိုယ်စားလှယ်တို့က စစ်ဆေးကြပ်မတ်ထောက်ခံပြီးမှသာလျှင် မီးလင်းရေးကော်မတီများက သက်ဆိုင်ရာကုမ္ပဏီတွေကို လုပ်ငန်းကုန်ကျစရိတ်အတွက် တာဝန်ယူပြီး ငွေပေးချေပါတယ်။ ဒါကြောင့် ကျေးရွာတစ်ရွာချင်းအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့ရဲ့ စစ်ဆေး ကြီးကြပ်တာဝန်ခံမှုဖြင့် သက်ဆိုင်ရာ မီးလင်းရေးကော်မတီများမှ တာဝန်ယူ၍ ငွေပေးချေ အကောင်အထည်ဖော် ဆောင်ရွက်ကြခြင်းဖြစ်ပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ရေးမြို့နယ် မဟာဓာတ်အားလိုင်း လျှပ်စစ်မီးကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေတွင် ပါရှိသည့်အတိုင်း ဆောင်ရွက်ထားခြင်းရှိ/မရှိနှင့် အံ့ဒင်ကျောက်မီးသွေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကိစ္စများအား ဆက်လက်ဆောင်ရွက်ရန် အခြေအနေရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင့်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်မှာဆိုရင် လူဦးရေလည်း အင်မတန်ထူထပ်တဲ့မြို့နယ်တစ်ခုဖြစ်ပါတယ်။ နောက်ပြီးတော့ လျှပ်စစ်ဆိုလျှင် ဈေးကြီးတဲ့မီတာခတွေလည်း ပြည်သူတွေက သုံးဆောင်နေရတာဖြစ်ပါတယ်။ လျှပ်စစ်မီးကိစ္စကို နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ယူဖြေရှင်းပေးနိုင်ရန် မဟာဓာတ်အားလိုင်းရောက်ရှိရေးကိုလည်း လွှတ်တော်ထဲမှာ မကြာခဏဆွေးနွေးတင်ပြခဲ့ဖူးပါတယ်။ ဒီ ၂၀၁၅ ခုနှစ်၊ ၁၀ လပိုင်း ၁၀ နေ့ကဆိုရင် နိုင်ငံတော်သမ္မတရဲ့ နိုင်ငံတော်ခရီးစဉ်မှာလည်း တာဝန်ရှိသူတွေက တင်ပြတောင်းဆိုခဲ့ရာမှာဆိုရင် ဌာနဆိုင်ရာအနေဖြင့် နိုင်ငံခြားချေးငွေရရှိပြီးတော့ တင်ဒါအောင်မြင်ပြီးဖြစ်ပါကြောင်း ဆိုပြီးတော့ ဖြေကြားသွားခဲ့တာရှိပါတယ်ရှင့်။ ကျွန်မတို့ရဲ့ ရေးမြို့နယ်မှာ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးများ အမှန်တကယ်လိုအပ်နေတဲ့မြို့နယ်နှစ်ခုနဲ့ လူဦးရေထူထပ်တဲ့မြို့နယ်ဖြစ်တဲ့အတွက်ကြောင့် ဒီမိုကရေစီ ငါးနှစ်သက်တမ်းအတွင်းမှာ ဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်သလောက် အလျင်အမြန်လိုအပ်နေတဲ့ လျှပ်စစ်မီးကိုတော့ ကျွန်မတို့ ရေးမြို့ကို မရောက်နိုင်သေးပါဘူးရှင့်။ နိုင်ငံခြားရဲ့ချေးငွေကို မမျှော်လင့်ဘဲနဲ့ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်၊ ပြည်မမခွဲခြားဘဲ တန်းတူအခွင့်အရေးများ အမှန်တကယ်ဖော်ဆောင်ပေးနိုင်ရင် ကျွန်မတို့ရဲ့ ရေးမြို့နယ်ကိုမီးအမှန်တကယ်ရောက်မယ်လို့ မျှော်လင့်ပါတယ်။ ဒါကြောင့် ကျွန်မက ပြည်သူများရဲ့ကိုယ်စားမေးမြန်းချင်တဲ့မေးခွန်းကတော့ နံပါတ်(၁) ရေးမြို့နယ်ရဲ့လိုအပ်နေတဲ့ မဟာဓာတ်အားလိုင်း လျှပ်စစ်မီးကို ဒီလာမယ့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အမျိုးသားစီမံကိန်းဥပဒေတွင် ပါရှိတဲ့အတိုင်းဆောင်ရွက်ထားခြင်းရှိ/မရှိ။ နောက်တစ်ခုက ကျွန်မတို့ရဲ့ ရေးမြို့နယ်မှာဆိုရင် အခုဆိုရင် House Issue ဖြစ်နေတဲ့ကိစ္စတစ်ခုက MN ကျောက်မီးသွေးစက်ရုံဖြစ်ပါတယ်ရှင့်။ ဒီကိစ္စကိုလည်း ကျွန်မ

၂၀၁၄ ခုနှစ် ဒီဇင်ဘာလတုန်းကလည်း ဂျပန်အထိ တကယ်လေ့လာရေး သွားခဲ့ဖူးပါတယ်။ ကျွန်မ အနေနဲ့ ဒါတွေကို မြင်တဲ့အခါကျတော့ သူတို့နိုင်ငံရဲ့ ဆောင်ရွက်ထားချက်က အန္တရာယ်တော့မရှိဘူး လို့ ကျွန်မတို့ မြင်ပါတယ်။ ဒါပေမယ့် ပြည်သူလူထုက ဒါတွေကို မမြင်ဘူးရှင့်။ အဲဒါကို ကျွန်မက ဘာဖြစ်လို့ ကုမ္ပဏီက လွှတ်လို့ပေ့ါနော်။ ကျွန်မက ဂျပန်အထိသွားရတယ်ဆိုပြီးတော့ ပြည်သူလူထုက ကျွန်မကို အများကြီးအထင်လွဲမှုရှိပါတယ်။ အဲဒါကြောင့် ကျွန်မ မေးချင်တဲ့မေးခွန်းက ကျွန်မတို့ရဲ့ ပြည်သူများ ကန့်ကွက်နေသော MN ကျောက်မီးသွေးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ကိုလည်း နိုင်ငံတော်အစိုးရအနေဖြင့် ဆက်လက်ဆောင်ရွက်ရန် အခြေအနေရှိ/မရှိဆိုတာကို ပြည်သူရဲ့ ကိုယ်စား ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်းဖြစ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာပါခင်ဗျာ။ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း၏ ကြယ်ပွင့်ပြ မေးခွန်း အပေါ်မှာ ကျွန်တော်မှ ဆက်လက်ဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း အချို့ ကိန်းဂဏန်းများပါတဲ့အတွက် Power Point နဲ့ ရှင်းလင်း ဖြေကြား ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ မွန်ပြည်နယ် ရေးမြို့နယ်၊ တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့ များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့အတွက် ၂၃၀ ကေဗွီ မော်လမြိုင်-ရေး-ထားဝယ်ဓာတ်အား လိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းကို တရုတ်နိုင်ငံ EXIM Bank ချေးငွေဖြင့် ဆောင်ရွက်ဖို့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ စတင် တင်ဒါခေါ်ယူခဲ့ပြီးဖြစ်ပါတယ်။ တင်ဒါစိစစ်ရွေးချယ်ဆောင်ရွက် လျက်ရှိပါတယ်။ အဆိုပါဓာတ်အားလိုင်းရဲ့ EIA, SIA လုပ်ငန်းများဆောင်ရွက်ဖို့ အတွက်ကိုလည်းပဲ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေများလျာ ထားပြီးကြောင်း တင်ပြဖြေကြား အပ်ပါတယ်။

ဆက်လက်ပြီး ဒုတိမေးခွန်းအပိုဒ်ကို ဆက်လက်တင်ပြဖြေကြားသွားမှာဖြစ်ပါတယ်။ လျှပ်စစ် စွမ်းအားဝန်ကြီးဌာနနှင့် Toyo-Thai Corporation Public Co.,Ltd. (Toyo-Thai ကုမ္ပဏီ) တို့ဟာ JV/B.O.T စနစ်အခြေခံဖြင့် ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန် အနီးမှာ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း တည်ဆောက်ရန်အတွက် နားလည်မှုစာချွန်လွှာ

(MOU) ကို ၂၁-၃-၂၀၁၃ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးမှ မွန်ပြည်နယ်၊ ရေးမြို့နယ် အံ့ဒင်ကျေးရွာအနီးကိုပြောင်းရွှေ့ပြီး ၁၂၈၀ မဂ္ဂါဝပ်ရှိတဲ့ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ စီမံကိန်းတည်ဆောက်ရန် ပြည်တွင်းတိုင်းရင်းသားပိုင်ကုမ္ပဏီဖြစ်သော ဝင်းရောင်ခြည်ဦးကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း Toyo-Thai ကုမ္ပဏီမှ တင်ပြလာတဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ စီးပွားရေးရာကော်မတီကို တင်ပြပြီး (၂၉/၂၀၁၄) ကြိမ်မြောက် အစည်းအဝေး၏ဆုံးဖြတ်ချက်၊ နိုင်ငံတော်သမ္မတရုံး၏ ပြည်သူများနှင့် ထိတွေ့ဆွေးနွေးပြီးမှ စီမံကိန်းအား ဆောင်ရွက်သွားရန်ဆိုတဲ့ လမ်းညွှန်ချက်များအရ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများနှင့် သတင်းမီဒီယာတို့ပါဝင်တဲ့ လေ့လာရေးအဖွဲ့ဝင် ၃၃ ဦးတို့ဟာ စီမံကိန်းအကောင်အထည်ဖော်မည့် အဖွဲ့အစည်းများရဲ့ အစီအစဉ်နဲ့ ၁၀-၁၁-၂၀၁၄ ရက်နေ့မှ ၁၈-၁၂-၂၀၁၄ ရက်နေ့အထိ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံရှိ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများကို လေ့လာရေးခရီးသွားရောက်ခဲ့ကြပါတယ်။ စီမံကိန်းနှင့်ပတ်သက်ပြီး ဒေသခံပြည်သူများသို့ ရှင်းလင်းချပြတဲ့အခမ်းအနားကိုလည်း ၂၇-၁၂-၂၀၁၄ ရက်နေ့မှာ စီမံကိန်းဒေသအနီးရှိ ရေးမြို့နယ်၊ ပုပ္ပဝတီဘုန်းတော်ကြီးကျောင်းတိုက်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

စီမံကိန်းကို JV/ B.O.T စနစ်အခြေခံဖြင့် မွန်ပြည်နယ်၊ ရေးမြို့နယ် အံ့ဒင်ကျေးရွာအနီးမှာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သဘောတူညီမှုစာချွန်လွှာ MOA လက်မှတ်ရေးထိုးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်တင်ပြပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၅)မှ သဘောတူညီကြောင်း ဆုံးဖြတ်ခဲ့ပါသဖြင့် ၉-၄-၂၀၁၅ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ Toyo-Thai Corporation Public Co.Ltd နဲ့ Toyo Thai Coal Power Pte.,Ltd နှင့် တိုင်းရင်းသားပိုင် ဝင်းရောင်ခြည်ဦးကုမ္ပဏီတို့မှ မွန်ပြည်နယ်၊ ရေးမြို့နယ် အံ့ဒင်ကျေးရွာအနီး အကောင်အထည်ဖော်ဆောင်ရွက်မယ့် ၁၂၈၀ မဂ္ဂါဝပ်ရှိသော ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်းကို နိုင်ငံတကာမှ လက်ခံကျင့်သုံးလျက်ရှိတဲ့ Ultra Super Critical စနစ်သုံးစက်ရုံဖြစ်သည့်အပြင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် သက်ရောက်မှုတို့အပေါ် လေ့လာနိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်နှင့်အညီ သီးခြားလွတ်လပ်သော တတိယအဖွဲ့အစည်းတစ်ခုဖြစ်သည့် အတွေ့အကြုံရှိသော အင်္ဂလန်နိုင်ငံအခြေစိုက် Environment Resources Managements

Co., Ltd နှင့် ပြည်တွင်းအခြေစိုက် အတိုင်ပင်ခံအဖွဲ့တို့ကို ငှားရမ်းဆောင်ရွက်ရန် စီမံဆောင်ရွက်ထားရှိပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့တော့ နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် လျှပ်စစ်စီမံကိန်းများဆောင်ရွက်ရာမှာ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝကိုထိခိုက်မှုအနည်းဆုံးဖြစ်စေရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ အခြေအနေအရ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးတဲ့ စက်ရုံများဟာ မြန်မာနိုင်ငံရဲ့မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွေမှာ အများဆုံးတည်ရှိတဲ့အတွက် ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး ကျေးလက်ဒေသအထိပါ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိဖို့နှင့် ဓာတ်အားပို့လွှတ်လိုင်းတွေ ရှည်လျားတဲ့အတွက် ဓာတ်အားပျောက်ဆုံးမှုများ လျော့နည်းစေရေးအတွက် တည်ငြိမ်တဲ့ဓာတ်အား၊ မှန်ကန်သောအရင်းအမြစ်အချိုးအစားဖြင့် ဓာတ်အားထုတ်လုပ်ပေးဖို့ လိုအပ်လျက်ရှိပါတယ်။

နိုင်ငံတော်ရဲ့ဓာတ်အားလိုအပ်ချက်ဟာ နှစ်စဉ် ၁၃ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းအထိ တိုးတက်လျက်ရှိတာဖြစ်တဲ့အတွက် နှစ်စဉ်စက်တပ်ဆင်အင်အား ၈၀၀ မဂ္ဂါဝပ်မှ ၁၀၀၀ မဂ္ဂါဝပ်အထိ တိုးတက်တည်ဆောက်သွားရန် လိုအပ်လျက်ရှိပါတယ်။ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်မှာ စက်တပ်ဆင်အင်အား၂၃၅၉၄ မဂ္ဂါဝပ်အထိ တိုးချဲ့တပ်ဆင်နိုင်ပါမှ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိမှာဖြစ်တဲ့အတွက် သဘာဝဓာတ်ငွေ့နဲ့ ကျောက်မီးသွေးတို့မှ လျှပ်စစ်ထုတ်လုပ်ခြင်းကို အခြေခံဝန်အား Based Load အဖြစ်ထားရှိဖို့ စွမ်းအင်အချိုး Energy Mixed ကို ဖော်ပြပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း အမျိုးသားလျှပ်စစ်ဓာတ်အားပင်မစီမံချက် National Electricity Master Plan ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ ပညာရှင်များ JICA Fund ဖြင့် ရေးဆွဲခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၅-၂၀၁၆ လက်ရှိဘဏ္ဍာနှစ်မှာတော့ စုစုပေါင်း တည်ရှိပြီးတဲ့ မဂ္ဂါဝပ် ၄၉၈၇ မဂ္ဂါဝပ် စက်တပ်ဆင်အင်အားရှိမှာဖြစ်ပါတယ်။ ပြီးတော့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာတော့ စက်တပ်ဆင်အင်အား ၈၈၁၄ မဂ္ဂါဝပ်ကို ဖော်ပြပါအတိုင်း တပ်ဆင်မှသာလျှင် ကျွန်တော်တို့ ဓာတ်အားတည်ငြိမ်မှာဖြစ်ပါတယ်။ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်မှာလည်းပဲ တစ်နိုင်ငံလုံးဓာတ်အားရရှိဖို့ စက်တပ်ဆင်အင်အား ၂၃၅၆၁ မဂ္ဂါဝပ်ရှိဖို့အတွက် ဖော်ပြပါအရင်းအမြစ်အချိုးအစားအတိုင်း တည်ဆောက်တပ်ဆင်နိုင်မှသာလျှင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားတည်ငြိမ်စွာ ရရှိမှာဖြစ်ကြောင်း National Electricity Master Plan ကို ရေးဆွဲထားပြီးဖြစ်ပါတယ်။

ဆက်လက်ပြီးတော့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့အခါမှာ အကြီးစားရေးအားလျှပ်စစ်နဲ့ ဓာတ်အားထုတ်လုပ်မယ်ဆိုလျှင် တည်ဆောက်ချိန်ကြာမြင့်မယ်၊ ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားပြီးတော့မှ အခက်အခဲရှိနိုင်တယ်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် ပြန်လည်ထူထောင်မှု ဆောင်ရွက်ရန် လိုအပ်မယ်၊ ရှည်လျားတဲ့ ပို့အားမြင့်မဟာဓာတ်အားလိုင်းများ တည်ဆောက်ရန် လိုအပ်ခြင်းနှင့် မိုးရာသီမှာသာရေအပြည့်အဝရရှိပြီး စက်တပ်ဆင်အင်အား Installed Capacity အတိုင်း အပြည့်အဝဓာတ်အားထုတ်လုပ်ပေးနိုင်မယ်၊ သို့သော်လည်းပဲ နွေရာသီရောက်တဲ့အခါမှာ ရေဝင်ရောက်မှု နည်းလာတဲ့အတွက် စက်တပ်ဆင်အင်အားရဲ့ တစ်ဝက်ခန့်သာ ဓာတ်အားထုတ်လုပ်ပေးနိုင်သဖြင့် တစ်နှစ်အတွင်း ဓာတ်အားအမြင့်ဆုံးသုံးစွဲတဲ့ နွေရာသီကာလမှာ လိုအပ်တဲ့ဓာတ်အားကို ပြည့်မီအောင် မထုတ်လုပ်ပေးနိုင်တဲ့ အချက်အလက်တွေ တွေ့ရှိရပါတယ်။ လတ်စားနှင့် အသေးစား ရေအားဖြင့် ဓာတ်အားထုတ်လုပ်ဖို့ကတော့ ပြည်တွင်းတိုင်းရင်းသားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ထားခြင်းဖြစ်ပြီးတော့ အသေးစားရေအားဖြင့် ဓာတ်အားထုတ်လုပ်မယ်ဆိုရင် ဒေသအတွင်းမှာ ကျေးရွာနှင့်မြို့ငယ်များသို့ ဓာတ်အားပေးနိုင်သော်လည်းပဲ ဓာတ်အားစနစ်အတွင်းမှာ ဓာတ်အားသုံးစွဲမှုတိုးတက်လာမည့်အခြေအနေကို အချိန်မီဖြည့်ဆည်းပေးနိုင်ရန်မဖြစ်နိုင်ပါဘူး။

ဆက်လက်ပြီး သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မည်ဆိုပါက ဓာတ်အားခ တစ်ယူနစ်လျှင် ထုတ်လုပ်မှုစရိတ် ၁၇၀ ကျပ်ခန့် လက်ရှိငွေပေါက်စျေးနဲ့ ရှိမည်ဖြစ်သည့်အပြင် ဓာတ်ငွေ့လုံလောက်မှုမရှိသေးတာကိုလည်း ရင်ဆိုင်နေရပါတယ်။ နေစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မည်ဆိုပါကလည်း ဓာတ်အားခ တစ်ယူနစ်လျှင် ၁၇၀ ကျပ်ခန့်ရှိမည်ဖြစ်ပြီးတော့မှ နေရောင်ခြည်ရရှိမှုအပေါ်မှာသာ မူတည်ပြီးတော့ ထုတ်လုပ်နိုင်ပါမယ်။ လေအားလျှပ်စစ်ထုတ်လုပ်မည်ဆိုပါက ကုန်ကျစရိတ်ကြီးမားပါမယ်။ တည်ဆောက်ချိန်ကာလကြာမြင့်ပြီး တည်ဆောက်မည့်ဒေသမှာ စောင့်ကြည့်တိုင်းတာထားတဲ့ လေတိုက်နှုန်းနဲ့ပတ်သက်တဲ့ ကိန်းဂဏန်းအချက်အလက်များ၊ လေတိုက်နှုန်းပြောင်းလဲမှုကြောင့် အချိန်ပြည့် လျှပ်စစ်ဓာတ်အားမရရှိနိုင်ခြင်းများ ကြုံတွေ့ရနိုင်ပြီးတော့ ဓာတ်အားမထုတ်လုပ်နိုင်တဲ့အချိန်မှာ ဓာတ်အားစဉ်ဆက်မပြတ်ရရှိဖို့အတွက် ဓာတ်အားစနစ်နှင့် ချိတ်ဆက်ရန် ဓာတ်အားလိုင်းများ လိုအပ်ပါမယ်။ သို့မဟုတ် အခြားသောဓာတ်အားပေးစက်ရုံ ထပ်မံရင်းနှီးမြှုပ်နှံ တည်ဆောက်ရန်လိုအပ်ပါမယ်။ တပ်ဆင်မယ့် စက်ပစ္စည်းများကိုလည်း တည်ဆောက်မည့်ဒေသအရောက် သယ်ယူပို့ဆောင်တဲ့ခက်ခဲမှုများ၊ နည်းပညာစိန်ခေါ်မှုများလည်း ပိုမိုများပြားစွာရှိနေပါသေးတယ်။

**မူကြမ်း**

ဆက်လက်ပြီး ကျောက်မီးသွေးဖြင့် ဓာတ်အားထုတ်လုပ်မည်ဆိုရင် ပျမ်းမျှဓာတ်အားခ တစ်ယူနစ်လျှင် ယနေ့ ငွေပေါက်ဈေးဖြင့် ၁၀၀-၁၁၅ ကျပ်ခန့်သာ ကျသင့်မည်ဖြစ်သော်လည်း ချိန်ကာလ လေးနှစ်ခန့် သာလိုအပ်မှာဖြစ်ပါတယ်။ Ultra Super Critical စနစ်ကဲ့သို့ ခေတ်မီနည်း ပညာများကို အသုံးပြုပြီး ဖွံ့ဖြိုးပြီးနိုင်ငံများမှာကဲ့သို့ တည်ဆောက်နိုင်ကြောင်းတွေ့ရှိရပါတယ်။ ထုတ်လုပ်မှုပမာဏပြောင်းလဲခြင်းမရှိဘဲ အခြေခံဝန်အား Based Load အဖြစ် တစ်နှစ်ပတ်လုံး မောင်းနှင်ပြီး ဓာတ်အားထုတ်လုပ်နိုင်ပါမယ်။ အဲဒီအချက်များကြောင့် အမျိုးသားလျှပ်စစ်ဓာတ်အား ပင်မစီမံချက် National Electricity Master Plan မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရမယ့်နည်းလမ်း များကို အချိုးကျပေါင်းစပ်ပြီး ထုတ်လုပ်ဆောင်ရွက်ရန် အထက်ပါဇယားအတိုင်း ရေးဆွဲထားရှိခြင်းဖြစ် ပါကြောင်း တင်ပြအပ်ပါတယ်။

ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ဖျက်သိမ်းရန် မသင့်ကြောင်းကိုလည်း ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ၂၀-၅-၂၀၁၅ ရက်နေ့မှာ ကျင်းပ ပြုလုပ်သော ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက် နေ့တွင် ကျွန်တော်မှ ရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မွန်ပြည်နယ်၊ ရေးမြို့နယ် အံဒင်ကျေးရွာအနီးမှာ အကောင်အထည်ဖော်တည်ဆောက်မယ့် ၁၂၈၀ မဂ္ဂါဝပ်ရှိသော ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ စီမံကိန်းအကောင်အထည်ဖော်ရန်ကိစ္စကို ဒေသခံပြည်သူ များမှ စီမံကိန်းအပေါ် လက်ခံသဘောတူညီမှုရရှိရေးအတွက် ရှင်းလင်းဆွေးနွေးချပြသွားရန် ညွှန်ကြား ထားပါတယ်။ ဒေသခံပြည်သူများ၏ သဘောတူညီမှုမရရှိသေးမီကာလအတွင်း EIA/SIA လုပ်ငန်းများ အပါအဝင် အခြားသောစူးစမ်းလေ့လာမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုဘဲ ခေတ္တဆိုင်းငံ့ထားပါ ကြောင်း ဖြေကြားရင်းနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ ကျေးဇူးတင်ပါတယ် ဝန်ကြီးရှင့်။ အခုလို အသေးစိတ် ဖြေကြားပေးတဲ့အတွက်ပါ။ ကျွန်မက နောက်ထပ် မေးခွန်းတစ်ခုမေးချင်တာကတော့ ကျွန်မတို့ရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းငွေစာရင်းနဲ့ ပတ်သက်တဲ့အခါကြတော့ ပြည်ထောင်စု ဘဏ္ဍာရေးအသုံးဆိုင်ရာ ဥပဒေကြမ်းမှာ ပြင်ဆင်တင်ပြချက်ဆိုပြီးတော့ မြန်မာ့လျှပ်စစ် ဓာတ်အား လုပ်ငန်းကဏ္ဍကတော့ ချေးငွေက ဒီ မော်လမြိုင်-ရေး-ထားဝယ် ၂၃၀ ကေဗွီဓာတ်အားလိုင်း အဲဒီမှာ ၁၃၂ မိုင်အတွက်က ကျပ် ၅၄၈၅.၀၆၀ သန်းလို့ ဖော်ပြထားဖူးပါတယ်ရှင့်။ နောက်တစ်ခုက ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာဆိုရင် အရအသုံးခန့်မှန်းချေငွေစာရင်းရဲ့ ငွေလုံးငွေရင်းအသုံးစရိတ်။ အဲဒီမှာ

ဆောက်လုပ်ရေးကဏ္ဍဆိုပြီးတော့ ကွင်း၈၊ ကွင်းပိတ်လုပ်ထားပါတယ်။ မြန်မာ့လျှပ်စစ် ဓာတ်အား လုပ်ငန်းဌာနမှ မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အားလိုင်းစီမံကိန်း ၁၈၀ မိုင်ကနေ ရန်ပုံငွေ သန်း ၁၈၀ ချထားပါတယ်။ ကျွန်မတို့ လေ့လာခဲ့ရပါတယ်။ ၂၀၁၆-၂၀၁၇ ကျတော့ အခုနက ဝန်ကြီး ဖြေကြားသွားတာက ဒီ China လို Project အနေနဲ့ ကျွန်မတို့ EIA/ SIA အနေနဲ့ ဆောင်ရွက် ထားတာ ကျွန်မတို့အနေနဲ့ ဝမ်းသာစွာ ကြိုဆိုပါတယ်ရှင့်။ ဒါပေမဲ့ အဲဒီမှာက ဖော်ပြထားတာကတော့ မော်လမြိုင်-ရေး-ထားဝယ်- ဟသ်ာတ-အသုတ်-အလုံသည်သာဆိုပြီးတော့ ကျပ်သန်း ၃၀ တည်းနဲ့ ဖော်ပြထားတာရှိပါတယ်ရှင့်။ ကျွန်မမရှင်းတာကတော့ ဘာလဲဆိုတော့ ၂၀၁၄-၂၀၁၅ ရဲ့ သန်း ၅၀၀၀ ကျော်ရယ်၊ ၂၀၁၅-၂၀၁၆ ရဲ့ သန်း ၁၈၀ ရယ်ပေါ့နော်။ အဲဒီချထားတဲ့ငွေတွေက ဘယ်နေရာမှာ ဆောင်ရွက်ပြီးတော့ အခုအထိ ကျွန်မတို့ရဲ့ ရေးမြို့နယ်မှာဆိုရင် တိုင်စိုက်ထူတာလည်းမရှိဘူး။ နောက်ပြီးတော့ အဆောက်အဦလုပ်ဆောင်ရွက်ထားတာလည်းမရှိဘူး။ ဘာမှလည်း အကောင်အထည် မဖော်ရသေးဘူးရှင့်။ အဲဒါကို ဒီမှာလည်း အရအသုံးဆိုင်ရာဥပဒေကြမ်းမှာလည်း တင်ပြထားတဲ့အခါ ကျတော့ ဒါတွေကိုလည်း ကျွန်မတို့ ပြည်သူလူထုတွေရှင်းလင်းအောင်၊ ကျွန်မတို့အနေနဲ့လည်း ရှင်းလင်းအောင် ကျေးဇူးပြုပြီးတော့ ထပ်ဖြေကြားပေးပါလို့ တောင်းဆိုပါတယ်ရှင့်။ ကျေးဇူးတင်ပါ တယ်။

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ မော်လမြိုင်-ရေး-ထားဝယ် လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်လို့ရှိရင် စုစုပေါင်း ဓာတ်အားလိုင်း ပစ္စည်းနဲ့ တည်ဆောက်စရိတ်၊ မြို့ပြလုပ်ငန်းမပါ တပ်ဆင်စရိတ်ရော ကြိုးဆွဲသည်အထိ ဓာတ်အား လိုင်းကုန်ကျစရိတ်သည် ဒေါ်လာသန်းပေါင်း ၁၂၀ မှ ၁၄၀ အထိ ကုန်ကျမှာဖြစ်ပါတယ်။ မြန်မာငွေနဲ့ ဆိုရင် ကျပ် ဘီလီယံပေါင်း ၁၄၀ ကျော်ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၄-၂၀၁၅ မှာ ငွေကျပ်သန်း ၅၀၀၀ ကျော် လျာထားခဲ့ခြင်းသည် ကျွန်တော်တို့ EIA/ SIA လုပ်ငန်း လိုင်းတိုင်းတာခြင်းလုပ်ငန်းအတွက် လျာထားခဲ့ပြီးတော့မှ ကနဦးတိုင်းတာရေးလုပ်ငန်းသာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အလားတူ ၂၀၁၅-၂၀၁၆ မှာ ကျပ်သန်း ၁၈၀ လျာထားခဲ့ခြင်းသည်လည်းပဲ ကျွန်တော်တို့ ဓာတ်အားလိုင်းတိုင်းတာခြင်း လုပ်ငန်း EIA / SIA လုပ်ငန်းလျာထားခဲ့သော်လည်းပဲ အဲဒီနှစ်မှာ နိုင်ငံတော်ဘတ်ဂျက်ကနေပြီးတော့မှ ဓာတ်အားလိုင်းအတွက် ရင်းနှီးမြှုပ်နှံမှု အခုနက ကျွန်တော်ပြောတဲ့ ကျပ် ဘီလီယံ ၁၄၀ လောက်ကို ခွင့်ပြုနိုင်ခြင်းမရှိပါဘူး။ အခြား ဆောင်ရွက်လက်စစီမံကိန်းများကိုသာ ဦးစားပေးဆောင်ရွက်လိုက်ရ တဲ့အတွက် ကျွန်တော်တို့ ချေးငွေလည်း အဲဒီနှစ်က ရမယ်ဆိုတာ မရလိုက်တဲ့အတွက် ဒါ စီမံကိန်းကို

လက်တွေ့ဆောင်ရွက်နိုင်ခြင်းမရှိပါဘူး။ ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ ASEAN Summit မှာ တရုတ်နိုင်ငံသမ္မတကြီးနှင့် မြန်မာနိုင်ငံတော် သမ္မတကြီးတို့ သဘောတူညီချက်အရ China EXIM Bank မှာ ချေးငွေ ရရှိမှာဖြစ်တဲ့အတွက် ယခုအခါမှာ ကျွန်တော်တို့ China EXIM Bank ကနေ ပေးပို့လာတဲ့ Short List အရ ကျွန်တော်တို့ ခေါ်ယူရွေးချယ်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာကျပ်ငွေကတော့ တင်ဒါခေါ်ယူပြီး ရွေးချယ်ပြီး တင်ဒါ အောင်မြင်တဲ့ကုမ္ပဏီနဲ့ အသေးစိတ်ဆွေးနွေးပြီးတော့မှသာ သူတို့ရဲ့လုပ်ငန်းကို EIS/SIA လုပ်ငန်းများ ဆောင်ရွက်ဖို့အတွက် မြန်မာကျပ်ငွေကျပ် ၁၀ သန်းပေါ့။ ကျပ်သိန်း ၁၀၀ ကို ကျွန်တော်တို့ သုံးစွဲသွားမှာဖြစ်ပါကြောင်း။ ဒါကြောင့်မို့လို့ ဒီနှစ် ၂၀၁၆-၂၀၁၇ မှသာလျှင် ချေးငွေသေချာပေါက်ရမှာဖြစ်တဲ့အတွက် လုပ်ငန်းကို ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဓိကကတော့ နိုင်ငံတော်ဘတ်ဂျက်ကနေပြီးတော့မှ ကိုယ်စားလှယ်တော်ကြီးပြောသလို ကျွန်တော်တို့ လျှပ်စစ်ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှု ကနဦးတင်ပြသော်လည်းပဲ ခွင့်ပြုပေးနိုင်ဖို့ နိုင်ငံတော်ရဲ့ဘတ်ဂျက် အခြေအနေအရသာ ကျွန်တော်တို့ နောက်ကျခဲ့ရခြင်းဖြစ်ပါကြောင်း ရှင်းလင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျောက်တန်းမြို့နယ်၊ မှော်ဝန်းချောင်း တောင်ဘက်ခြမ်းရှိ ကွင်းပေါက်၊ ရွာသစ်ကြီး၊ ကြံပင်၊ သောင်ကြီး၊ တမံကြီးနှင့် ပီလခတ်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားသွယ်တန်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ** ။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ခင်(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ နှလုံးစိတ်ဝမ်းအေးချမ်း ကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးရွာများ မီးလင်းရေးနဲ့ ပတ်သက်တဲ့မေးခွန်းကို တင်ပြမေးမြန်း သွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောက်တန်းမြို့နယ် အတွင်းမှာ ရပ်ကွက်ကျေးရွာအုပ်စု စုစုပေါင်း ၅၇ စု ရှိပါတယ်။ တံတားမြို့နယ်ခွဲ အပါအဝင် ရပ်ကွက် ၁၃ ခုနဲ့ ကျေးရွာခွဲပေါင်း ၈၀ နီးပါးရှိပါတယ်။ ကျေးရွာများ မီးလင်းရေးအနေနဲ့ ဆောင်ရွက်ထားရာမှာ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော် ပံ့ပိုးကူညီမှုဖြင့်သော်လည်းကောင်း ဆောင်ရွက်ထားရှိပါတယ်။ မီးလင်းသည့် ကျေးရွာနှင့် ဆောင်ရွက်ဆဲကျေးရွာ ၃၀ ကျော်

ရှိပါတယ်။ ၁၁ ကေဗွီဓာတ်အားလိုင်းနဲ့ ဝေးကွာတဲ့ကျေးရွာတွေကိုတော့ ကျွန်တော်တို့ ဆိုလာစနစ်ဖြင့်သာ မီးလင်းရေးဆောင်ရွက်ထားရှိပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်အခါမှာ ကျေးရွာအသီးသီးမှာရှိတဲ့ မိဘပြည်သူတွေဟာ မဟာဓာတ်အားလိုင်းက ရရှိတဲ့ ၂၄ နာရီ မီးလင်းရေးကို မျှော်လင့်လျက်ရှိကြပါတယ်။ သို့အတွက်ကြောင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျောက်တန်းမြို့နယ်၊ မှော်ဝန်းချောင်း မြောက်ကမ်းကျေးရွာများအပြင် မှော်ဝန်းတောင်ဘက်ကမ်းမှာရှိတဲ့ မီးမလင်းသေးတဲ့ ကျေးရွာများဖြစ်တဲ့ ကွင်းပေါက်ကျေးရွာ၊ ရွာသစ်ကြီးကျေးရွာ၊ ကြံပင်ကျေးရွာ၊ သောင်ကြီးကျေးရွာ၊ တမံကြီးကျေးရွာနှင့် ပီလခတ်ကျေးရွာများကို လျှပ်စစ်ဓာတ်အားသွယ်တန်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်မှတစ်ဆင့် ပြန်လည်ဖြေကြားပေးနိုင်ပါရန် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ဧည့်သည် တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ခင် မေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးခွန်းပါ ကျောက်တန်းမြို့နယ်၊ မှော်ဝန်းချောင်း တောင်ဘက်ခြမ်းရှိ ကွင်းပေါက်ကျေးရွာ၊ ရွာသစ်ကြီးကျေးရွာ၊ ကြံပင်ကျေးရွာ၊ သောင်ကြီးကျေးရွာ၊ တမံကြီးကျေးရွာနှင့် ပီလခတ်ကျေးရွာများကို ဓာတ်အားပေးနိုင်ရေးအတွက် ၃၃/၆.၆ ကေဗွီ၊ (၁၀)အမ်ဗွီအေ ကျောက်တန်းဓာတ်အားခွဲရုံကနေပြီးတော့မှ ၆.၆ ကေဗွီကောင်းကင်ဓာတ်အားလိုင်း နှစ်လိုင်းဖြင့် ရှစ်မိုင်ခန့်တည်ဆောက်ပြီး ဓာတ်အားပေးရမှာ ဖြစ်ပါတယ်။ ဓာတ်အားလိုင်း (၈)မိုင်အတွက် ကုန်ကျငွေ ကျပ်သိန်း ၃၈၄၀ ဖြစ်ပြီးတော့မှ လိုင်းခွဲ(၇.၇)မိုင်အတွက် ၃၆၉၆ သိန်း ကုန်ကျမှာဖြစ်ပါတယ်။ အဲဒီ ဓာတ်အားလိုင်းတွေအတွက် ဓာတ်အားလွှတ်ရန် Circuit Breaker နှစ်ခု ခလုတ် နှစ်ခုအတွက် ကုန်ကျငွေကတော့ ကျပ်သိန်း ၄၈၀ ခန့်ဖြစ်ပြီးတော့မှ ထရန်စဖော်မာ ရှစ်လုံး တပ်ဆင်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စုစုပေါင်း ကုန်ကျငွေ ကျပ်သိန်းပေါင်း ၈၈၅၆ သိန်း ခန့်မှန်းပါတယ်။ အထက်ပါ ကျေးရွာငါးရွာကို ဓာတ်အားရရှိရေးအတွက်

ကျပ် ၈၈၆ သန်း ကုန်ကျမှာဖြစ်ပြီးတော့ အဲဒီကျေးရွာ မီးလင်းဖို့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်၏ ရန်ပုံငွေခွဲဝေပေးနိုင်မှု အခြေအနေအရ ပါဝင်နိုင်ခဲ့ခြင်းမရှိသဖြင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များမှာ ထည့်သွင်းလျာထားပေးသွားမှာဖြစ်ပါတယ်။ ပြီးတော့မှ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်အရ ဆောင်ရွက်မယ့် ကမ္ဘာ့ဘဏ်ချေးငွေထဲတွင် ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက်မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ကူဝိတ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မာဇွန်းအလီအလ်ဂါနင်း(မ)က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံသို့ ပေးပို့လာသော ကချင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် စွန့်ပစ်မြေစာပုံပြိုကျမှုကြောင့် ထိခိုက်သေဆုံးမှုများအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ မစမီ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကူဝိတ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မာဇွန်းအလီအလ်ဂါနင်း(မ)က ကချင်ပြည်နယ်တွင် ဖြစ်ပွားခဲ့တဲ့ စွန့်ပစ်မြေစာပုံပြိုကျမှုကြောင့် ထိခိုက်သေဆုံးမှုများအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာနကတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံသို့ ပေးပို့လာပါတယ်။ အဆိုပါပေးပို့လာတဲ့ ဝမ်းနည်းကြောင်း သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမှာ ဖြစ်ပါကြောင်း အသိပေးကြေညာပါတယ်။

[ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**Speaker Office**

**National Assembly**

**State of Kuwait**

**23 November 2015**

## Sorutesy Translation

His Excellency Shwe Mann

Speaker of House of Representatives

Myanmar, Naypyidaw

Your Excellency;

With great sorrow and regret we received the news of tne landslide at a mine in Kachin state. On behalf of my colleagues' member of the Kuwait National Assembly and myself, I would like to express my condolences to you, to the members of your honorable Congress and the friendly people of Myanmar. Hoping you accept our condolences and express our compassion to the bereaved families of the victims and to tne friendly people of Myanmar.

Please, accept the assurances of the highest consideration

Sncerely Yours,

Marzouq Ali Al-Ghanim

Speaker of the National Assembly of Kuwait

မူကြမ်း

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ပေးပို့သော လျှပ်စစ်နည်းဥပဒေများနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကပေးပို့သော လျှပ်စစ်နည်းဥပဒေနှင့် စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက ပြင်ဆင်ချက်များတင်သွင်းလာခြင်းကို ၂၁-၁၂-၂၀၁၅ ရက်နေ့တွင် လွှတ်တော်သို့အသိပေးတင်ပြ၍ ကိုယ်စားလှယ်များထံလည်း ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းနည်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအလိုက် ၂၃-၁၂-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယင်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ နည်းဥပဒေများရဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် နည်းဥပဒေများ တစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ၊ အစဉ်လိုက်အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးကို တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီတို့က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ တင်ပြအတည်ပြုသွားမှာဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ လျှပ်စစ်နည်း ဥပဒေများနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် (၁၃) ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီဝင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စား လှယ်များခင်ဗျား။ လျှပ်စစ်နည်းဥပဒေနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်အချက် (၁၃)ချက်ကို ကျွန်တော်ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေက တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့

ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၁ အမှတ်စဉ် ၁ နည်းဥပဒေနှင့် အပိုဒ်ခွဲ(ဃ)၊ အမှတ်စဉ် ၄ နည်းဥပဒေ ၄ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၃ အမှတ်စဉ် ၈ နည်းဥပဒေ ၂၀ နည်းဥပဒေခွဲ(က)(ခ)(ဂ)နှင့်(ဃ) အမှတ်စဉ် ၉ နည်းဥပဒေ ၂၆ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၄ အမှတ်စဉ် ၁၀ နည်းဥပဒေ ၄၃ နည်းဥပဒေ ၅၅ နည်းဥပဒေခွဲ(ဃ) ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅ အမှတ်စဉ် ၁၃ နည်းဥပဒေ ၆၈ အမှတ်စဉ် ၁၄ နည်းဥပဒေ ၇၅ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၁ အသစ်ဖြည့်စွက်ချက် အမှတ်စဉ် ၁၅ နည်းဥပဒေ ၇၅ နည်းဥပဒေခွဲ(ဃ) ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၆ အမှတ်စဉ် ၁၆ နည်းဥပဒေ ၇၈ နည်းဥပဒေခွဲ (ဂ) အမှတ်စဉ် ၁၇ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(ဃ) အသစ်ဖြည့်ခြင်း၊ အမှတ်စဉ် ၁၈ နည်းဥပဒေ ၉၂ နည်းဥပဒေခွဲ(ခ) အမှတ်စဉ် ၁၉ နည်းဥပဒေ ၉၃ အသစ်ဖြည့်ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ရန်တင်ပြချက် (၁၃)ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ် ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)** ။ ။ လွှတ်တော်ရဲ့ အဆုံးအဖြတ် အတိုင်း နာခံပါ့မယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်နည်းဥပဒေများနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အချက်(၁၃)ချက်အား အတည်ပြုရန် လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘာတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လျှပ်စစ်နည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၁၃)ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်နည်းဥပဒေများနှင့် စပ်လျဉ်းပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ချက် (၆)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ တင်သွင်းရန်အတွက်ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)** ။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ပြည်သူ့လွှတ်တော်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ အတွင်းရေးမှူး ချောက်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော်တို့လျှပ်စစ်နည်းဥပဒေများနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ကော်မတီအနေနဲ့ အမှတ်စဉ် စာမျက်နှာ ၁ အမှတ်စဉ် ၂ အခန်း(၂) ကျွန်တော်တို့အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ် ၁၄ အမှတ်စဉ် ၃ နည်းဥပဒေ ၃ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ် ၁၅ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၂ အမှတ်စဉ် ၆ အသစ်ဖြည့်စွက်ခြင်း အပိုဒ် ၁၅ စာမျက်နှာ ၂ အမှတ်စဉ် ၇ အခန်း(၉) နည်းဥပဒေ ၁၈ စာမျက်နှာ ၄ အမှတ်စဉ် ၁၁ အခန်း(၉) နည်းဥပဒေ ၅၀ တို့ကို ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ညှိနှိုင်းတိုင်ပင် ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)** ။ ။ လွှတ်တော်ရဲ့အဆုံးအဖြတ် အတိုင်းနာခံပါ့မယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုလည်းပြောပေးပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်နည်းဥပဒေများနှင့်စပ်လျဉ်းပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ချက် (၆)ချက်အား အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘာတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လျှပ်စစ်နည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အချက်(၆)ချက်ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက ပေးပို့သော လျှပ်စစ်နည်းဥပဒေများကို ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့ရာမှာ လွှတ်တော်ရဲ့ပြင်ဆင် အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက ပေးပို့သော လျှပ်စစ်နည်းဥပဒေများ တစ်ရပ် လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘာတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကပေးပို့သော လျှပ်စစ်နည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ရန်ကိစ္စအနည်းငယ်ရှိတဲ့အတွက် လွှတ်တော်ကို မိနစ် ၂၀ ခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီ။ အစည်းအဝေးကို ၁၁း၄၀ အချိန်မှာ ပြန်လည်စတင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များရှင် အစည်းအဝေး ပြန်လည်စတင် ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီရှင်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ဖြစ်သော ၂၂-၁၂-၂၀၁၅ ရက်နေ့မှာ လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်းနဲ့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၂၄-၁၂-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါကြောင့် ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်များဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ဖြစ်တဲ့ ၂၂-၁၂-၂၀၁၅ ရက်နေ့တွင် လွှတ်တော်သို့ လက်ခံ

ရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၄-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်း ပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါကြောင့် ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော အခကြေးငွေပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော အခကြေးငွေပေးရေးဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ဖြစ်တဲ့ ၂၂-၁၂-၂၀၁၅ ရက်နေ့မှာ လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများကိုလည်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၄-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်း ပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ သို့သော်လည်း ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါကြောင့် အခကြေးငွေပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေ

ကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အခကြေးငွေပေးရေးဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဥပဒေကြမ်းကော်မတီက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(က)အရ ဥပဒေကြမ်းကော်မတီက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတင်သွင်းရန် ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းတင်သွင်းဖို့အတွက် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရခြင်းရဲ့ အကြောင်း ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီကိုယ်စား ကျွန်တော့်အနေနဲ့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဥပဒေတွင် အုပ်ချုပ်ရေးမှူးများ၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်ဟု ပြဋ္ဌာန်းထားရှိပါသဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည့် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ်များကို ရွေးချယ်တာဝန်ပေးအပ်ရမည်ဖြစ်ပါသဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သက်ဆိုင်ရာမြို့နယ်အသီးသီးတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်တာဝန်ပေးအပ်နိုင်ရန် ရွေးချယ်ပွဲများ အလေးသုံးဆယ် ဆောင်ရွက်ရခြင်း

ကြောင့် အချို့သော မြို့နယ်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတို့တွင် မတည်မငြိမ်မှုများ၊ ဝေဖန်ပြော ကြားစရာများ ဖြစ်ပေါ်မှုမရှိစေရန်အတွက်လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ရပ်ကွက် နှင့်ကျေးရွာအုပ်စုအသီးသီးရှိ ဒေသခံပြည်သူများက မိမိတို့၏ အရေးအရာကိစ္စရပ်များကို ကြီးကြပ် ဆောင်ရွက်ပေးမည့် အုပ်ချုပ်ရေးမှူး ရွေးချယ်တာဝန်ပေးအပ်နိုင်ရေးအတွက် လုံလောက်သောအချိန် ကာလ ရရှိစေရန်အတွက်လည်းကောင်း၊ အသစ်တာဝန်ယူမည့် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ကြီးကြပ်လမ်းညွှန်မှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရန်အတွက်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း တင်သွင်းရ ခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ (ခ)အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဒါကြောင့် ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီရဲ့ ကိုယ်စား ကျွန်တော် ဦးစောလှထွန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးက ဖတ်ကြားတင်ပြသွားပါမယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကပေးပို့တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်း ပြီးတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့်အတူ

ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တင်သွင်း လာသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အပိုဒ် နှစ်ပိုဒ်ပါရှိပြီး မူလဥပဒေကြမ်း၏ပုဒ်မ ၉ ကို အစားထိုးပြင်ဆင်ခြင်းဖြစ် ကြောင်း တင်ပြအပ်ပါတယ်။ မူလဥပဒေမှာ ပြည်သူ့လွှတ်တော်၏သက်တမ်းနှင့်အညီ ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည့် ပြည်သူ့ လွှတ်တော်၏သက်တမ်းနှင့်အညီ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ်များကို ရွေးချယ် တာဝန်ပေးအပ်ရမည်ဖြစ်ပါတယ်။ ထို့ကြောင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနက သက်ဆိုင်ရာမြို့နယ် အသီးသီးတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ် တာဝန်ပေးအပ်နိုင်ရန် ရွေးချယ်ပွဲများလည်း ကျင်းပပေးရမှာဖြစ်ပါတယ်။ မူလဥပဒေပါ ပြဋ္ဌာန်းချက် များအရ အလေ့ာသုံးဆယ်ဆောင်ရွက်ရခြင်းကြောင့် အချို့သောမြို့နယ်များ၏ ရပ်ကွက်နှင့် ကျေးရွာ များမှာ မတည်မငြိမ်မှုများ၊ ဝေဖန်ပြောကြားစရာများဖြစ်နေကာ အသစ်တာဝန်ယူရမယ့် ပြည်ထောင်စု အစိုးရအဖွဲ့အနေဖြင့် ကြီးကြပ်လမ်းညွှန်မှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည်ကို လည်း စိစစ်တွေ့ရှိရပါတယ်။

သို့ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့သစ်ပေါ်ပေါက်လာနိုင်သည့် ကာလတစ်ရပ်တွင်မှ ရပ်ကွက် နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်တာဝန်ပေးအပ်နိုင်ရန်အတွက် ပုဒ်မ ၉ ပါ ပြည်သူ့ လွှတ်တော်၏သက်တမ်းနှင့်အညီဟူသော စကားရပ်နေရာတွင် နိုင်ငံတော်သမ္မတ၏ရာထူးသက်တမ်း အတိုင်းဟူ၍ စကားရပ်အစားထိုးပြင်ဆင်ရခြင်းဖြစ်ပါတယ်။

သို့ပါ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအသီးသီးရှိ ဒေသခံ ပြည်သူများက မိမိတို့ရဲ့အရေးအရာကိစ္စရပ်များကို ကြီးကြပ်စီမံဆောင်ရွက်ပေးမည့် အုပ်ချုပ်ရေးမှူး ရွေးချယ်တာဝန်ပေးအပ်နိုင်ရေးအတွက် လုံလောက်သောအချိန်ကာလ ရရှိစေရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၆၊၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသူများသည် မိမိတို့ပြင်ဆင်လိုတဲ့ ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၅-၁-၂၀၁၆ ရက်(တနင်္လာနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၆၊၁၈၈တို့နှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆို တင်သွင်းဆွေးနွေးလိုသူများ သည် မိမိတို့ပြင်ဆင်လိုတဲ့ ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ယနေ့ ၃၀-၁၂-၂၀၁၅ ရက်နေ့ ညနေ ၄ နာရီခွဲနောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ် ကြောင်း ပြင်ဆင်အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးအောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ကြပါပြီရှင်။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**